# ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# တတိယနေ့ အစီအစဉ်

# [ ၁၆ - ၉ - ၂၀၁၄ ]

# ( အင်္ဂါနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် တတိယနေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးစောမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၏ **မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစီအစဉ်မှ မဟာဂီတသီချင်းကြီးများကို မြန်မာစာတမ်းထိုး များဖြင့် ပြန်လည်ထုတ်လွှင့်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးလှမောင်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၏ **ဖာဆောင်းမြို့နယ်၊ မော်ချီးကျေးရွာအုပ်စု၊ မော်ချီးတွင် WCDMA, CDMA - 450 MHz , CDMA - 800 MHz ,GSM တာဝါတိုင် စိုက်ထူပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဦးမောင်စိန်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၏ **ရေဖြူမြို့၊ (ဂ)ရပ်ကွက်၊ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် (၆၀ ပေ x ၃၀ ပေ) ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးစောတော်ပလဲ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၏ **သံတောင်ကြီးမြို့နယ်၊ ကျောက်ကြီးတောင် အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)ကို အခြေခံပညာ အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( င ) ဦးသော်ဇင်ဦး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၏ **ဆိပ်ဖြူမြို့နယ် (၂၅)ခုတင်ဆံ့ မြို့နယ်ဆေးရုံအား ခုတင်(၅၀)ဆံ့ စံကိုက်ဆေးရုံအဖြစ် အဆင့်မြှင့်တင်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( စ ) ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၏ **မင်းတပ်မြို့နယ်၊ မဒပ်ကျေးလက် ကျန်းမာရေးဌာန(ခွဲ)အား ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ပေးရန်နှင့် လေရှိကျေးရွာတွင် ကျန်းမာရေးဌာန (ခွဲ)တစ်ခု ဖွင့်လှစ်ပေးရန်** အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးဆလိုင်းခွဲယန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၏ **ပလက်ဝမြို့နယ်၊ တိုင်ဝကျေးရွာနှင့် ကြက်မအိုင်ကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံများ ဆောက်လုပ်ရာတွင် သတ်မှတ်စံချိန်စံညွှန်း ကိုက်ညီမှု မရှိသဖြင့် မည်သို့အရေးယူဆောင်ရွက်ထားသည်ကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **စီးပွားရေးဖွံ့ဖြိုးမှု စီမံကိန်းများ အကောင်အထည်ဖော်မှုအစီအစဉ် (Development Project Implementation Schedules) နှင့် စီမံကိန်းခန့်မှန်းခြေစာရင်းများ (Project Estimates) တည်ငြိမ်ရေးအတွက် တာဝန်ယူစစ်ဆေးရသော အဖွဲ့အစည်း၏ စိစစ်ထောက်ခံချက်ဖြင့် အစိုးရအဖွဲ့၏ခွင့်ပြုချက် ရယူလိုက်နာဆောင်ရွက်စေရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၇။ အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၈။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် တတိယနေ့ အစည်းအဝေး ရပ်နားကြောင်း နှင့် စတုတ္ထနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။